# ဘေးဒဏ်ခံလူထုအားတာဝန်ခံယူခြင်းနှင့် ရပ်ရွာလူထုနှင့် လက်တွဲလုပ်ဆောင်ရေးလုပ်ငန်းအဖွဲ့ (AAP/CE WG)

## တာဝန်နှင့် ဝတ္တရားများ (Terms of Reference)

## ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ

## နောက်ခံအကြောင်းအရာ

အကျပ်အတည်းကြောင့် ထိခိုက်ခံရသည့် ရပ်ရွာလူထုနှင့် ပြည်သူများကို လူသားချင်းစာနာမှုလုပ်ငန်း၏ အလယ်ဗဟိုတွင် ထားရှိခြင်းသည် အခြေခံလူ့အခွင့်အရေးများအား လေးစားမှုကို မြှင့်တင်ပေးပါသည်။ ယင်းသို့ ထားရှိခြင်းဖြင့် ထိခိုက်ခံရသည့်ပြည်သူများအား ဂုဏ်သိက္ခာရှိစွာ လေးစားမှုဖြင့် ဆက်ဆံခံရကြောင်းနှင့် အကူအညီပေးရေးလုပ်သားများသည် မိမိတို့ ဆောင်ရွက်သည့်လုပ်ငန်းများအတွက် တာဝန်ခံယူမှုရှိကြောင်းကိုလည်း သေချာစေသည်။

မြန်မာနိုင်ငံ၊ ဘေးဒဏ်ခံလူထုအားတာဝန်ခံယူခြင်းနှင့် ရပ်ရွာလူထုနှင့် လက်တွဲလုပ်ဆောင်ရေးအဖွဲ့ (AAP/CE WG) သည် အရည်အသွေးနှင့် တာဝန်ခံယူမှုဆိုင်ရာ အဓိကလူသားချင်းစာနာမှုစံချိန်စံညွှန်းများ (Core Humanitarian Standard on Quality and Accountability)၊ ဒေသတွင်းခေါင်းဆောင်မှုနှင့် လုပ်ဆောင်ချက်များအား စွမ်းဆောင်ရည်ခိုင်မာအားကောင်းစေခြင်းနှင့် ပူးပေါင်းပါဝင်မှုတော်လှန်ရေးဆိုင်ရာ Grand Bargain ကတိကဝတ်များ (the Grand Bargain commitments on local leadership and action, capacity strengthening, and the Participation Revolution)၊ အေဂျင်စီများအကြား အမြဲတမ်းကော်မတီ၏ အားလုံးပါဝင်မှုနှင့် တာဝန်ခံယူမှုဆိုင်ရာ ကတိကဝတ်များ (Inter-Agency Standing Committee Commitments on Inclusion and Accountability) နှင့် ဘေးဒဏ်ခံလူထုများအား တာဝန်ခံယူခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးခြင်းမှ ကာကွယ်ပေးခြင်း (Accountability to Affected People and Protection from Sexual Exploitation and Abuse (PSEA)) တို့အပါအဝင် တာဝန်ခံယူမှုအတွက် ကမ္ဘာလုံးဆိုင်ရာ ကတိကဝတ်များအား အသုံးချမှုကိုလည်း ထောက်ခံပါသည်။

AAP/CE လုပ်ငန်းအဖွဲ့သည် ကဏ္ဍစုများအကြား ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (ICCG) အောက်၌ ၂၀၂၀ ခုနှစ်တွင် တည်ထောင်ခဲ့သည့် AAP အဖွဲ့ငယ်ပေါ်တွင် အခြေခံ၍ တည်ဆောက်ထားခြင်းဖြစ်သည်။ ယင်းကနဦးအဖွဲ့ငယ်ကို ပုံစံတကျဖြစ်စေ၍ တိုးချဲ့ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှုဆိုင်ရာတုံ့ပြန်လုပ်ငန်း၏ ဗဟိုအချက်အချာနေရာတွင် ဘေးဒဏ်ခံ လူထုအားတာဝန်ခံယူခြင်းနှင့် ရပ်ရွာလူထုနှင့် လက်တွဲလုပ်ဆောင်ရေးကို ထိရောက်စွာ ဆောင်ရွက်ရန်ဟူသော ကတိကဝတ်ကို ထင်ဟပ်ဖော်ပြခြင်းပင်ဖြစ်သည်။ AAP/CE လုပ်ငန်းအဖွဲ့၏ လုပ်ငန်းများသည် AAP အဖွဲ့ငယ်က ပြုလုပ်ထားသည့် အားထုတ်ကြိုးပမ်းမှုများအား ဆက်လက်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

## ဘေးဒဏ်ခံလူထုအား တာဝန်ခံယူခြင်းနှင့် ရပ်ရွာလူထုနှင့် လက်တွဲဆောင်ရွက်ခြင်း (AAP/CE)

**ဘေးဒဏ်ခံလူထုအား တာဝန်ခံယူခြင်း** ဆိုသည်မှာ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများက အကူအညီပေးရန် ကြိုးစားနေသည့် ပြည်သူများအား ထည့်သွင်းစဉ်းစားခြင်း၊ သတင်းအချက်အလက်များကို အသိပေးခြင်းနှင့်

တာဝန်ခံယူခြင်းတို့ဖြင့် တာဝန်ယူ၍ ပြုမူဆောင်ရွက်ပါမည်ဟု လူသားချင်းစာနာမှုဆိုင်ရာလုပ်သားများက တက်ကြွစွာဖြင့် ကတိကဝတ် ပြုခြင်း ဖြစ်သည်။

**ရပ်ရွာလူထုနှင့် လက်တွဲဆောင်ရွက်ခြင်း**တွင် အကျပ်အတည်းကြောင့် ထိခိုက်ခံရသည့် ရပ်ရွာလူထုများနှင့် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများကြားတွင်လည်းကောင်း၊ ဖြစ်နိုင်ပါက ရပ်ရွာလူထုများအကြားနှင့် ရပ်ရွာလူထုအတွင်းတွင် လည်းကောင်း အပြန်အလှန်ဆွေးနွေးမှုတစ်ခုပါဝင်ပါသည်။ ရပ်ရွာလူထုနှင့် လက်တွဲဆောင်ရွက်ခြင်းအားဖြင့် ဘေးဒဏ်ခံ ပြည်သူများအား မိမိတို့၏ အမျိုးမျိုးသော လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်၊ ထိခိုက်လွယ်မှုများကို ဖော်ထုတ် ဖြေရှင်းရန်နှင့် ယခင်ရှိနှင့်ပြီးသည့် စွမ်းဆောင်ရည်များကို အခြေခံ၍ တည်ဆောက်ရန် လုပ်ကိုင်နိုင်စွမ်း ရှိစေပါသည်။ ဤနည်းလမ်းသည် ဘေးဒဏ်ခံရပ်ရွာလူထုအား အကျပ်အတည်းကို ပထမဆုံးတုံ့ပြန်ဆောင်ရွက်သူများအဖြစ် အသိအမှတ်ပြုသောကြောင့် နိုင်ငံတကာစနစ်များ၏ ပထမဆုံးသော အခန်းကဏ္ဍမှာ ရပ်ရွာလူထု၏ အားထုတ်ကြိုးပမ်းမှုများကို ကူညီပေးရန်ပင်ဖြစ်သည်။

## ရည်ရွယ်ချက်များ

သတ်မှတ်ဖော်ထုတ်ထားသော လိုအပ်ချက်များကို အခြေခံ၍ တည်ဆောက်ခြင်းအားဖြင့် AAP/CE လုပ်ငန်းအဖွဲ့သည် အောက်ပါတို့ကို ရည်ရွယ်ဆောင်ရွက်ပါမည် -

- မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် AAP/CE နှင့်စပ်လျဉ်း၍ နည်းပညာအကြံဉာဏ် နှင့် ပေါင်းစပ်ညှိနှိုင်းရေးအကူအညီများကို ထောက်ပံ့ပေးရန်။
- လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို ခြုံငုံသုံးသပ်ချက် (HNO) နှင့် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးစီမံချက် (HRP) လုပ်ငန်းစဉ်များနှင့် HRP အား စဉ်ဆက်မပြတ်စောင့်ကြည့်စစ်ဆေးခြင်း တို့အပါအဝင် လူသားချင်း စာနာမှုဆိုင်ရာ အစီအစဉ်စက်ဝန်း၏ လုပ်ငန်းရှုထောင့်အားလုံးတွင် AAP/CE ကို စွဲမြဲပါဝင်စေမည့် အားထုတ်မှုများကို လမ်းညွှန်ပေးရန်။
- မည်သူ့ကိုမျှ ချန်လှပ်ထားခြင်းမရှိစေရေးစည်းမျဉ်းကို ဦးတည်လျက်၊ အသက်၊ လိင်၊ မသန်စွမ်းမှုနှင့် အခြားမတူကွဲပြားမှု အမျိုးမျိုးနှင့် သင့်လျော်ပြီး၊ အားလုံးပါဝင်၍ လက်လှမ်းမီသော AAP ဆိုင်ရာ ချဉ်းကပ်နည်းလမ်းများ၊ လုပ်ငန်းစဉ် များနှင့် ယန္တရားများအား ဖော်ထုတ်ခြင်းနှင့် အသုံးပြုမှုကို ကူညီပေးရန်။
- မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုဆိုင်ရာ လုပ်နည်းလုပ်ဟန်များအား အသိပေး ပုံဖော်ပေးပြီး တာဝန်ခံယူမှု တိုးတက်စေရေးအတွက် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများအကြားတွင် AAP/CE အချက်အလက်များကို ပိုမိုကောင်းမွန်စွာ အသုံးချ၍ မျှဝေနိုင်မည့် နည်းလမ်းများကို စူးစမ်းရှာဖွေရန်။
- နိုင်ငံအဆင့်နှင့် ပြည်နယ်/ဒေသကြီးအဆင့်တို့တွင် AAP/CE ဆိုင်ရာ စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေရေးနှင့် အကောင်အထည်ဖော်ရေး အားထုတ်ကြိုးပမ်းမှုများကို ကူညီပေးရန်။
- မြန်မာနိုင်ငံတွင် AAP/CE ဆိုင်ရာ ပိုမိုစုပေါင်းဆောင်ရွက်သော ချဉ်းကပ်နည်းလမ်းများကို ဖော်ဆောင်နိုင်ရေး အတွက် အေဂျင်စီများစွာပါဝင်သည့် လမ်းကြောင်းတစ်ခုကို ဆက်လက်စူးစမ်းရှာဖွေရန်။

## အုပ်ချုပ်မှုစနစ်နှင့် ဖွဲ့စည်းတည်ဆောက်ပုံ

AAP/CE လုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံ ကဏ္ဍစုများအကြားပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (ICCG) ၏ လက်အောက်တွင်

ရှိသည်။

အစည်းအဝေးများကို အဖွဲ့အစည်းနှစ်ဖွဲ့မှ (ဖြစ်နိုင်ပါက အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ဖွဲ့နှင့် ဒေသန္တရ/ပြည်တွင်း အဖွဲ့တစ်ဖွဲ့မှ) ကိုယ်စားလှယ်များက ပူးတွဲဦးဆောင်ပါမည်။ ပူးတွဲဥက္ကဋ္ဌများကို ICCG အဖွဲ့က ရွေးချယ်၍ အတည်ပြုရမည် ဖြစ်ပြီး၊ တစ်နှစ်သက်တမ်းအတွက် တာဝန်ထမ်းဆောင်ရပါမည်။ AAP/CE လုပ်ငန်းအဖွဲ့၏ ဦးစားပေးလုပ်ငန်း သတ်မှတ်ရေးကို အသိပေးနိုင်ရန်အတွက် အဓိကလုပ်ဆောင်ချက်များကို အခြေခံ၍ လုပ်ငန်းစီမံချက်တစ်ခုကို ရေးဆွဲရပါမည်။

အစည်းအဝေးကို ပုံသေအားဖြင့် လစဉ်ပြုလုပ်ရန်ဖြစ်သည်၊ သို့သော် အမှန်တကယ်အစည်းအဝေးပြုလုပ်မှုကို အခြေအနေ ပြောင်းလဲမှုများနှင့် လုပ်ငန်းအဖွဲ့က ဆောင်ရွက်နေသည့် အစပျိုးလုပ်ငန်းများကို အခြေခံလျက် အားလုံး၏ သဘောတူညီ ချက်ဖြင့် ဆုံးဖြတ်ရမည်။

မြန်မာနိုင်ငံ AAP/CE လုပ်ငန်းအဖွဲ့၏ အစည်းအဝေးများကို အင်္ဂလိပ်ဘာသာဖြင့် အဓိကပြုလုပ်မည်ဖြစ်သည်။ လုပ်ငန်းအဖွဲ့သည် ပူးပေါင်းပါဝင်ရန်အခက်အခဲများကို လျှော့ချနိုင်ရန်အတွက်၊ စာတန်းထိုးခြင်းနှင့် တပြိုင်နက်တည်း ဘာသာပြန်ဆိုခြင်း နည်းပညာကို ဖြစ်နိုင်သမျှ အသုံးပြုရန် ကြိုးစားမည်ဖြစ်ပြီး၊ လိုအပ်ပါက အစည်းအဝေးအတွင်းတွင် မြန်မာဘာသာ ပြန်ဆိုမှု ကို ပြုလုပ်ပေးပါမည်။

AAP/CE နယ်ပယ်ရှိ အထူးခေါင်းစဉ်များ သို့မဟုတ် ဦးတည်နယ်ပယ်များကို ပိုမိုအာရုံစိုက်ဆောင်ရွက်ရန် လိုအပ်ပါက လုပ်ငန်းအဖွဲ့ခွဲများကို တည်ထောင်သွားပါမည်။ ယင်းလုပ်ငန်းအဖွဲ့ခွဲများကို သတ်မှတ်ဖော်ထုတ်ထားသော လိုအပ်ချက်များအား အခြေခံဆောင်ရွက်သည့် သီးသန့်လုပ်ငန်းတွင် တိုးတက်မှုများကို ဆောင်ရွက်နိုင်ရန်အတွက် သို့မဟုတ် အထူးအရေးပေါ် တုံ့ပြန်မှုလုပ်ငန်းတစ်ခုကို ကူညီနိုင်ရန်အတွက် အမြဲတမ်းဖြစ်စေ၊ ရာသီအလိုက်ဖြစ်စေ၊ ကာလတိုအတွက်ဖြစ်စေ တည်ထောင်မည်ဖြစ်သည်။ လုပ်ငန်းအဖွဲ့ခွဲများသည် ဖြေရှင်းနည်းများကို အာရုံစိုက်ဖော်ထုတ်၍ လုပ်ဆောင်ချက်အခြေခံသည့် အဖွဲ့များဖြစ်သင့်သည်။ ပြည်နယ်/ဒေသကြီးအဆင့်တွင် လိုအပ်ချက်များနှင့် ကတိကဝတ်တို့ကို အခြေခံလျက် ပြည်နယ်/ ဒေသကြီးအဆင့် AAP အဖွဲ့များကိုလည်း တည်ထောင်လိုက တည်ထောင်နိုင်ပါသည်။

## အဖွဲ့ဝင်ဖြစ်မှု

ထိရောက်သော AAP/CE လုပ်ငန်းသည် ဘေးဒဏ်ခံပြည်သူများအတွက် သင့်တော်သော လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကို တာဝန်ယူထောက်ပံ့ပေးနိုင်မည့် စွမ်းဆောင်ရည်ကို အားဖြည့်ပေးသည့်အတွက် လူသားချင်းစာနာမှုအစီအစဉ် စက်ဝန်းတစ်လျှောက်လုံးတွင် AAP/CE လုပ်ငန်းကို စွဲမြဲပါဝင်စေသင့်ပါသည်။ ထို့ကြောင့် စည်းမျဉ်းအမျိုးမျိုးရှိသော တက်ရောက်မှုနှင့် ပူးပေါင်းပါဝင်မှုတို့သည်လည်း AAP/CE လုပ်ငန်းအဖွဲ့အတွက် သက်ဆိုင်လိုအပ်ပါသည်။ အေဂျင်စီများအကြား AAP တိုးတက်စေရန် စိတ်ဝင်စားကြသူများကို ဤလုပ်ငန်းအဖွဲ့တွင် ပါဝင်ရန် ကြိုဆိုပါသည်။

လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းအား ကြိုတင်ကာကွယ်ပေးခြင်း (PSEA) ကွန်ရက်နှင့် ချိတ်ဆက်နိုင်ရန် အတွက်၊ PSEA ကွန်ရက်၏ ညှိနှိုင်းရေးမှူး သို့မဟုတ် ပူးတွဲဥက္ကဋ္ဌများအနက် တစ်ဦးသည် AAP/CE လုပ်ငန်းအဖွဲ့တွင် အဖွဲ့ဝင် တစ်ဦးအဖြစ် ပါဝင်သင့်ပါသည်။

အစည်းအဝေးတက်ရောက်သင့်သည့် အဓိကပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

- အရပ်ဖက်လူမှုအဖွဲ့အစည်း၊ နိုင်ငံတကာ NGO အဖွဲ့များ၊ ပြည်တွင်း NGO အဖွဲ့များ၊ ကြက်ခြေနီအဖွဲ့များ၊ UN တို့မှ ဦးတည်ပုဂ္ဂိုလ်များ
- PSEA ကွန်ရက်နှင့် GiHA အုပ်စု၏ ညှိနှိုင်းရေးမှူး သို့မဟုတ် ဥက္ကဌ သို့မဟုတ် ပူးတွဲဥက္ကဌ

ပြည်နယ်/ဒေသကြီးအဆင့်မှ လုပ်ဖော်ကိုင်ဖက်များ သို့မဟုတ် မြန်မာနိုင်ငံတဝှမ်းရှိ ဒေသဆိုင်ရာရုံးများမှ လုပ်ဖော်ကိုင်ဖက်များသည် အောက်ပါရည်ရွယ်ချက်များအတွက် တက်ရောက်လိုက တက်ရောက်နိုင်ပါသည် -

- မြန်မာနိုင်ငံကွန်ရက်သည် ဒေသတွင်းရှိ အခြားအစပျိုးလုပ်ငန်းများကို ကောင်းစွာအကဲဖြတ်၍ အဆင့်တူချင်း(peer-to-peer ) အကူအညီပေးခြင်းနှင့်ဖလှယ်ခြင်းတို့ကို ဆောင်ရွက်ရာတွင် လမ်းညွှန်ချက်နှင့် အကူအညီထောက်ပံ့ရန်။
- နိုင်ငံအဆင့်ရှိ ဆွေးနွေးပွဲများသည် မြေပြင်အတွင်းလိုအပ်ချက်များအပေါ် အခြေခံ၍ တည်ဆောက်ထား ကြောင်းနှင့် မြေပြင်အတွင်း တုံ့ပြန်လုပ်ငန်းများသည် နိုင်ငံအဆင့် ချဉ်းကပ်နည်းလမ်းများနှင့် သဘောတူညီထားသော သတင်းစကားများနှင့် ကိုက်ညီမှုရှိကြောင်း သေချာစေရန်။

ဒေသတွင်းအကြောင်းအရာများကို နားလည်မှုသူများသည် AAP/CE လုပ်ငန်းအဖွဲ့က ဆောင်ရွက်နေသော စနစ်များ နှင့် ဖွဲ့စည်းတည်ဆောက်ပုံများအပေါ် လွှမ်းမိုးမှုရှိရန် အရေးကြီးပါသည်။ AAP/CE လုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံတွင်းမှ လုပ်ဖော်ကိုင်ဖက်များ၏ ပူးပေါင်းပါဝင်မှုကိုလည်းကောင်း၊ ဘေးဒဏ်ခံပြည်သူများ၏ လိုအပ်ချက်များကို ကူညီပေးရာတွင် ယင်းတို့ ထောက်ပံ့ပေးသည့် မတူညီသော အတွေးအမြင်များကိုလည်းကောင်း အပြည့်အဝ ကြိုဆိုပါသည်။

## အဓိကလုပ်ဆောင်ချက်များ

| | |
|---|---|
| **စုပေါင်း တာဝန်ခံယူမှု** | • လိုအပ်ချက်များနှင့် ဦးစားပေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာနားလည်စေရန်နှင့် ရပ်ရွာလူထု၏ တုံ့ပြန်မှုကို အခြေခံ၍စီမံကိန်းအား ချိန်ညှိပြင်ဆင်ဆောင်ရွက်ခြင်း၏ သက်ရောက်မှုကို မှတ်တမ်းပြုစုရန် ရည်ရွယ်လျက်၊ AAP/CE ဆိုင်ရာ အချက်အလက်များကို ပူးပေါင်းစဉ်းစား၍ သရုပ်ခွဲဆန်းစစ်နိုင်ရန်အတွက် AAP/CE အချက်အလက်များအား မျှဝေခြင်းကို အးပေးခြင်းနှင့် ပံ့ပိုးကူညီပေးခြင်း။<br>• လိုအပ်ချက်များနှင့် ဦးစားပေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာနားလည်စေရန်နှင့် ရပ်ရွာလူထု၏ တုံ့ပြန်မှုကို အခြေခံ၍စီမံကိန်းအား ချိန်ညှိပြင်ဆင်ဆောင်ရွက်ခြင်း၏ သက်ရောက်မှုကို မှတ်တမ်းပြုစုရန် ရည်ရွယ်လျက်၊ အများသုံးအချက်အလက်များကို မျှဝေရန် သဘောတူညီထားသည့် မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အဖွဲ့အစည်းအလိုက် သီးသန့်ဆောင်ရွက်သည့် တုံ့ပြန်မှုပေးရေးလုပ်ငန်းစဉ်များ၊ ဆန်းစစ်မှုများ၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်မှုများမှ အချက်အလက်စနစ် ( datasets) ကို စုပေါင်း၍ သရုပ်ခွဲဆန်းစစ်ရန် ကြိုးပမ်းခြင်း။<br>• ညှိနှိုင်းရေးမှူး/ပူးတွဲခေါင်းဆောင်များသည် အကျိုးခံစားရသူများအား ကာကွယ်ပေးရေးအတွက် “မည်သူ့ကိုမျှ မထိခိုက်စေခြင်း” စည်းမျဉ်းကို ထည့်သွင်းစဉ်းစား၍ အချက်အလက် ကာကွယ်ရေးအတွက် လျှို့ဝှက်နံပါတ်များအား |

| | |
|---|---|
| | သင့်လျော်သလို အသုံးပြုလျက်၊ တစ်ချိန်တည်းတွင် စာရွက်စာတမ်းများနှင့် ထုတ်ဝေမှုအားလုံးကို တုံ့ပြန်ရေး အကျိုး သက်ဆိုင်သူအားလုံးက လက်လှမ်းမီရရှိနိုင်ရေးနှင့် စာရွက်စာတမ်း ဖြန့်ဝေမှုနှင့် ပွင့်လင်း မြင်သာမှုတို့ကို မြှင့်တင်နိုင်ရေးအတွက် အများသုံး အွန်လိုင်းစနစ်တစ်ခု သို့မဟုတ် AAP MIMU page တွင် မျှဝေရန် အဖွဲ့ဝင်များက အကြံပြုထားသည့် အစီရင်ခံစာများ၊ ဆန်းစစ်ချက်များ၊ ရပ်ရွာလူထုနှင့် ဆက်သွယ်ပြောကြားရန် ပြင်ဆင်ထားချက်များ၊ အစည်းအဝေးမှတ်တမ်းများနှင့် အခြားသက်ဆိုင်သည့် သတင်းအချက်အလက်များကို ထုတ်ပြန်တင်ပြထားပါမည်။ |
| **ပေါင်းစပ်ညှိနှိုင်းခြင်း နှင့် ပူးပေါင်း ဆောင်ရွက်ခြင်း** | • ကွာဟချက်များကို သတ်မှတ်ဖော်ထုတ်ရန်နှင့် တာဝန်ခံယူမှုအတွက် ပေါင်းစပ်ညှိနှိုင်းထားသော၊ အားလုံးပါဝင်သော၊ စုပေါင်းဆောင်ရွက်သော နည်းလမ်းများကို မြှင့်တင်နိုင်ရန်အတွက် မြန်မာတစ်နိုင်ငံလုံးမှ AAP ဆိုင်ရာ ဦးတည်ပုဂ္ဂိုလ်များ၊ ရပ်ရွာလူထုထံမှ တုံ့ပြန်ချက် ရယူရေးလုပ်ငန်းစဉ်များ၊ ရင်းမြစ်များနှင့် လုပ်ငန်းများကို လေ့လာ စုဆောင်းခြင်း။<br>• အစီရင်ခံတိုင်ကြားခြင်း၊ လွှဲပြောင်းကူညီရေးလမ်းကြောင်းများနှင့် သင့်တော်သော ပြည်သူဗဟိုပြုတုံ့ပြန်ရေးလမ်းကြောင်းများကို လက်လှမ်းမီအသုံးပြုနိုင်မှု ခိုင်မာအားကောင်း စေရေးအတွက် PSEA ကွန်ရက်နှင့် ပူးတွဲအလုပ်လုပ်ခြင်း။<br>• PSEA ကွန်ရက်၊ လူသားချင်းစာနာမှုလုပ်ငန်းတွင် ကျားမတန်းတူညီမျှမှု (GiHA)၊ ကာကွယ်စောင့်ရှောက်မှုပေးရေးကဏ္ဍစု၊ တာဝန်ခံယူမှုဆိုင်ရာ လေ့လာသင်ယူရေးအဖွဲ့ (ALWG)၊ (CwC ဆိုင်ရာ လိုအပ်ချက်များအတွက်) ERP လုပ်ငန်းအဖွဲ့၊ လူသားချင်းစာနာမှု ဆိုင်ရာ တိုက်တွန်းလှုံ့ဆော်ရေးနှင့် ဆက်သွယ်ပြန်ကြားရေးအဖွဲ့ (HACG)၊ အန္တရာယ် ဖြစ်နိုင်ခြေဆိုင်ရာ ဆက်သွယ်ပြန်ကြားရေးနှင့် ရပ်ရွာလူထုနှင့် လက်တွဲဆောင်ရွက်ရေး အဖွဲ့ (RCCE)၊ ICCG ၏ မသန်စွမ်းသူများအားလုံးပါဝင်စေရေး အဖွဲ့ငယ်တို့ အပါအဝင် မြန်မာနိုင်ငံရှိ အခြားသော ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း/ ပေါင်းစပ်ညှိနှိုင်းခြင်း။<br>• မြန်မာနိုင်ငံရှိ အခြားဆက်စပ်နေသည့် ပြည်နယ်/ဒေသကြီးအဆင့် ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့များ (ဥပမာ - ရခိုင်ပြည်နယ် CwC လုပ်ငန်းအဖွဲ့) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း/ ပေါင်းစပ် ညှိနှိုင်းခြင်း။ |
| **သတင်းအချက် အလက်များကို စုပေါင်း ဖန်တီးခြင်း** | • ပြည်သူများက နှစ်သက်သည့် ဘာသာစကားများ၊ ပုံစံများဖြင့် ပြင်ဆင်ထားပြီး၊ အချိန်နှင့် တပြေးညီ လက်လှမ်းမီရရှိနိုင်သည့် ပေါင်းစပ်ညှိနှိုင်းထားသော အများသုံး သတင်းစကား ပေးပို့ထုတ်ပြန်မှုများကို အကူအညီပေးခြင်း။<br>• ရပ်ရွာလူထုထံမှ သဘောထားအသံများကို နားထောင်၍ အသုံးချရန်အတွက် စုပေါင်း ဆောင်ရွက်သော သတင်းစကားပေးပို့ထုတ်ပြန်ခြင်းလုပ်ငန်းစဉ်များ၊ အွန်လိုင်းလမ်းကြောင်းများနှင့် လမ်းညွှန်ချက်များအား ကူညီ၍ တည်ထောင်ပေးခြင်းနှင့် မြှင့်တင်ပေးခြင်း။<br>• အထူးသဖြင့် PSEA တိုင်ကြားချက်များအတွက် PSEA ကွန်ရက်နှင့် |

| | |
|---|---|
| | ပူးပေါင်းဆောင်ရွက်လျက်၊ ဖြည့်ဆည်းပေးရန်လိုအပ်သည့် ကွာဟချက်များအား သတ်မှတ်ဖော်ထုတ်ခြင်း အပါအဝင် တိကျရှင်းလင်း၍ ထိရောက်အကျိုးရှိသော လွှဲပြောင်းပေးအပ်ရေး လမ်းကြောင်းများကို ကူညီပေးခြင်း။ |
| **နည်းပညာ ကျွမ်းကျင်မှု ထောက်ပံ့ပေးခြင်း** | • AAP/CE ဆိုင်ရာကျွမ်းကျင်မှုရှိထားသည့် လုပ်ငန်းအဖွဲ့ ညှိနှိုင်းရေးမှူး၊ ပူးတွဲခေါင်းဆောင်သည့် အဖွဲ့အစည်းများနှင့် လုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်များသည် HCT ကို အသိပေးရန်နှင့် ICCG ကို အထောက်အကူပြုရန်အတွက် နည်းပညာအကူအညီကို ထောက်ပံ့ပေးပါမည်။<br>• နိုင်ငံတကာမှ လမ်းညွှန်ချက်များကို လိုက်လျောညီထွေပြောင်းလဲခြင်းနှင့် အခြေအနေနှင့် ကိုက်ညီစေခြင်းဖြင့် ကောင်းမွန်သော လုပ်နည်းလုပ်ဟန်ဆိုင်ရာ စံချိန်စံညွှန်းများ၊ လမ်းညွှန်ချက်များနှင့် လက်တွေ့ကျသော အကြံပြုချက်များကို ရေးဆွဲဖော်ထုတ်ခြင်း။<br>• HNO, HRP နှင့် သက်ဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးမူဘောင်များအပါအဝင် လူသားချင်း စာနာမှု အစီအစဉ်စက်ဝန်း (HPC) အား အသိပေးသော သတင်းအချက်အလက် မျှဝေရေးနှင့် ရပ်ရွာလူထုထံမှ တုံ့ပြန်ချက်ရယူရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် တုံ့ပြန်ရေးလုပ်ငန်းများကို ဖော်ထုတ်၍ ရေရှည်ဆောင်ရွက်စေခြင်း။ |
| **စွမ်းဆောင်ရည် ခိုင်မာ အားကောင်းစေခြင်း** | • တာဝန်ခံယူခြင်းဆိုင်ရာ ကောင်းမွန်သော လုပ်နည်းလုပ်ဟန်များအား အကောင်အထည်ဖော်ရေးကို ဟန့်တားနေသည့် ကွာဟချက်များအား သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ဖြေရှင်းနည်းများကို အဆိုပြုခြင်း။<br>• AAP/CE ဆိုင်ရာ စွမ်းဆောင်ရည် တိုးတက်စေရေးနှင့် သတ်မှတ်ဖော်ထုတ်ထားသော ကွာဟချက်များကို ဖြေရှင်းရေးအတွက် သင်တန်းနှင့် အနီးကပ် ကြီးကြပ်မှု အခွင့်အလမ်းများ၊ အဆင့်တူချင်းဖလှယ်ခြင်းနှင့် အခြားသော အစပျိုးလုပ်ငန်းများကို ကူညီပေးခြင်း။<br>• လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း၊ အလွဲသုံးစားပြုခြင်းနှင့် ထိပါးနှောင့်ယှက်ခြင်းဆိုင်ရာ တိုင်ကြားချက်များကို ကိုင်တွယ်ခြင်းနှင့် စပ်လျဉ်းသည့် မူဝါဒများနှင့် လုပ်နည်းလုပ်ဟန် များကို ခိုင်မာအားကောင်းစေရန် အတွက် PSEA ကွန်ရက်၏ လုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်ခြင်း။ |
| **နည်းလမ်းများနှင့် ညွှန်းကိန်းများ** | • သီးသန့် သို့မဟုတ် တုံ့ပြန်မှုနယ်ပယ်တစ်ခုလုံးအတွက် သတင်းအချက်အလက်များအား မျှဝေခြင်း၊ အားလုံးပါဝင်သော ရပ်ရွာလူထုအခြေခံသည့် စီမံကိန်းဒီဇိုင်းရေးဆွဲခြင်းနှင့် တုံ့ပြန်မှုပေးရေး လုပ်ငန်းစဉ်များကို မြှင့်တင်ရန်အတွက် ကဏ္ဍများအကြားရှိ တာဝန်ခံယူမှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို ဖော်ထုတ်ခြင်း။<br>• HRP တွင်ပါဝင်သည့် ကဏ္ဍစုဆိုင်ရာ ညွှန်းကိန်းများ၊ မျှော်မှန်းရလဒ်များနှင့် လက်ငင်းရလဒ်များကို AAP ရှုထောင့်မှ ပြန်လည်သုံးသပ်ခြင်းနှင့် လိုအပ်သော ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အကြံပြုခြင်း။ |

| | |
|---|---|
| | • အကျပ်အတည်းဒဏ်ခံပြည်သူများက မေးခွန်းများမေးမြန်းခြင်း၊ တုံ့ပြန်ချက်ပေးခြင်းနှင့် တိုင်ကြားမှုများပြုလုပ်သည့်အချိန်တွင် တုံ့ပြန်မှုနယ်ပယ်တစ်ခုလုံးအတွက် လွှဲပြောင်း ပေးအပ်ရေး လမ်းကြောင်းများကို ဖော်ထုတ်ရာတွင် ကူညီပေးခြင်း။ |
| **လေ့လာဆန်းစစ်မှုများကို ပေါင်းစပ်ညှိနှိုင်းခြင်း** | • လိုအပ်ချက်ဆန်းစစ်မှုများ၊ စောင့်ကြည့်စစ်ဆေးရေးနည်းလမ်းများနှင့် လုပ်ငန်းစဉ်များတွင် AAP/CE နှင့် ဆက်စပ်နေသည့် အကြောင်းအရာများအား ပေါင်းစပ်ထည့်သွင်းမှုကို ကူညီပေးခြင်း။<br>• ဖြစ်နိုင်သောနေရာများတွင်၊ အကျပ်အတည်းဒဏ်ခံပြည်သူများကိုယ်တိုင်က ပါဝင်ကူညီသူများ ဖြစ်နေသည့် ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေးမှုများ၊ အသိအမြင်စစ်တမ်းကောက်ယူမှုများ၊ အဓိကသတင်းပေးသူများနှင့် တွေ့ဆုံမေးမြန်းမှုများအတွက် ပေါင်းစပ် ညှိနှိုင်းမှုများကို ကူညီပေးခြင်း။<br>• လေ့လာဆန်းစစ်ရေးအဖွဲ့များ သို့မဟုတ် အခြားသော တစ်ဦးချင်းမိတ်ဖက်အဖွဲ့များက ပူးပေါင်းပါဝင်သော သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အချက်အလက်များကို ပုံမှန်အားဖြင့် အသက်၊ လိင်နှင့် မသန်စွမ်းမှုအလိုက် ခွဲခြားထားကြောင်း သေချာစေလျက်၊ တာဝန်ခံယူမှုဆိုင်ရာ မေးခွန်းများကို ထည့်သွင်းရန် ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် အချက်အလက်အစီရင်ခံခြင်းနှင့် သရုပ်ခွဲဆန်းစစ်ခြင်းတို့ကို ကူညီပေးခြင်း။ |
| **တိုက်တွန်းလှုံ့ဆော်ခြင်းနှင့် လွှမ်းမိုးခြင်း** | • AAP/CE အကောင်အထည်ဖော်နေသည့် အခြေအနေနှင့် အဆင့်မြင့် တိုက်တွန်းလှုံ့ဆော်မှု (advocacy) သို့မဟုတ် အကူအညီ လိုအပ်နေသည့် ဧရိယာများကို အကျဉ်းချုပ်၍ UNCT/HCT သို့ ပုံမှန်တင်ပြခြင်း။<br>• အစီအစဉ်ရေးဆွဲခြင်း၊ ကဏ္ဍစုမဟာဗျူဟာများ၊ ရန်ပုံငွေထောက်ပံ့ရေး ယန္တရားများ၊ တုံ့ပြန်မှုလုပ်ငန်းကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းတို့တွင် AAP/CE ကို အဓိက လုပ်ငန်းအဖြစ် ထည့်သွင်းခြင်းအပါအဝင်၊ တုံ့ပြန်ရေးလုပ်ငန်း၏ အဆင့်အားလုံးတွင် AAP/CE ကို ထည့်သွင်းစဉ်းစားရန်နှင့် ပေါင်းစပ်ထည့်သွင်းရန် တိုက်တွန်းလှုံ့ဆော်ခြင်း။<br>• ဘေးဒဏ်ခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး၊ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်လုပ်ငန်းအားလုံးကို အသိပေးသော စုပေါင်းတာဝန်ခံယူမှုစနစ်များ ဖြစ်လာစေရေးအတွက် တိုက်တွန်းလှုံ့ဆော်ခြင်း။<br>• ဘေးဒဏ်ခံပြည်သူများ၊ ရပ်ရွာလူထုများနှင့် ပိုမိုစနစ်ကျပြီး ကောင်းစွာဒီဇိုင်းရေးဆွဲထားသော အပြန်အလှန်ဆက်သွယ်ပြောဆိုရေး ဖြစ်လာစေရန် တိုက်တွန်းလှုံ့ဆော်ခြင်း။ |

စာရွက်စာတမ်းထိန်းချုပ်ရေး

| **ရက်စွဲ** | **မွမ်းမံမှုအမျိုးအစား** | **မွမ်းမံမှုပြုလုပ်သူ** | **နောက်ထပ်မွမ်းမံမည့်အချိန်** |
|---|---|---|---|

| | | | |
|---|---|---|---|
| ၂၀၂၁ ခုနှစ် စက်တင်ဘာလ | မှတ်တမ်းစာစောင်ရေးသားပြုစုခြင်း | OCHA Myanmar AAP/CE | ၂၀၂၂ ခုနှစ်၊ မတ်လ |